## ကော်မတီ

## လူသားခြင်းဆိုင်ရာ စာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးကော်မတီ

## ကေအဲန်ယူ–တောင်ငူခရိုင်၊ကော်သူးလေ

**မြန်မာအစိုးရ၏တပ်မတော် စကခ(၈) လက်အောက်ခံတပ်ရင်း (ခမရ–၄၀၉)တပ်ဖွဲ့ဝင် နှစ်ဦးမှ မူတြော်ခရိုင်–ဒွယ်လိုးမြို့နယ် ပိုလိုးထာကျေးရွာသူ နော်မူနော်အား အကြမ်းဖက်၊လုယက်၊ သတ်ဖြတ်သည့်အပေါ်တွင် တောင်ငူခရိုင် လူသားခြင်းဆိုင်ရာစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေး ကော်မတီ၏ သဘောထားထုတ်ပြန်ချက်**

**ရက်စွဲ–(၂၃–၇–၂၀၂၀)**

(၁) ကေအဲန်ယူ–တောင်ငူခရိုင် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးရေးကော်မတီသည် ကေအဲန်ယူ–ဗဟိုမှချမှတ်ထားသော လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ မူပေါ်လစီများနှင့် ကေအဲန်ယူ–တောင်ငူခရိုင်၏ လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပေါ်လစီများအတိုင်း ရပ်တည်ပြီး ဒေသအတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်များဖြစ်ပေါ်တိုးတက်မှုနှင့် အညီ ဒေသအတွင်း အမှန်တကယ်လိုအပ်နေသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသတွင်း အရပ်ဘက်အဖွဲ့အစည်းများ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်နေသောအဖွဲ့ဖြစ်ပါသည်။

(၂) မြန်မာအစိုးရတပ်မတော် စကခ(၈)လက်အောက်ခံတပ်ရင်း (ခမရ–၄၀၉)မှ တပ်ဖွဲ့ဝင်နှစ်ဦးမှ မူတြော်ခရိုင်–ဒွယ်လိုးမြို့နယ် ပိုလိုးထာကျေးရွာသူ နော်မူနော်အား (၁၆၊ ၇၊ ၂၀၂၀) ရက်နေ့တွင် ရက်စက်စွာလုယက်သတ်ဖြတ် ခဲ့ခြင်းသည် ရှေ့ဆက်သွားရမည့် ငြိမ်းချမ်းရေးခရီးစဉ်အား ယုံကြည်ရန်နှင့် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း နှစ်ဖက်အကြား ယုံကြည်မှုတည်ဆောက်ကြရန် အလွန်ပင်ခက်ခဲသွားခြင်းနှင့် သံသယဖြစ်စေသည့် အပြင် တနိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး ဆိုင်ရာ သဘောတူညီချက်စာချုပ် (NCA) အား မြန်မာ့တပ်မတော်မှ ဖြောင်ချိုးဖေါက်လိုက်ခြင်းပင်ဖြစ်ပါသည်။

(၃) ထို့အပြင် မြန်မာစိုးရအနေဖြင့်လည်း ဤဖြစ်ရပ်အပေါ်တွင် စီစစ်ခြင်းများ၊ အရေးယူဆောင်ရွက်မှုများနှင့် ဖိအားပေးမှုများကို ဆောင်ရွက်ခြင်းတစုံတရာမျှပင် မရှိသောကြောင့် အားပေးအားမြောက်ပြုနေသကဲ့သို့ပင်ဖြစ်နေသည်ကို မြင်တွေ့ရပါသည်။

(၄) တနိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတနှင့် မြန်မာ့တပ်မတော်မှကာကွယ်ရေးဦးစီးချုပ်တို့ လက်မှတ်ရေးထိုးခဲ့ကြသည့် အတွက် ဤဖြစ်ရပ်တွင် မြန်မာအစိုးရနှင့် မြန်မာ့တပ်မတော်တို့မှ တနိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး သဘောတူညီချက် **အခန်း(၃)** ပါ **အရပ်သားများကိုအကာအကွယ်ပေးခြင်း** ဆိုင်ရာ အချက်အလက်များကို အတူတကွချိုးဖောက်သည်မှာ ထင်ရှားပါသည်။

(၅) မြန်မာ့တပ်မတော်မှ ကျူးလွန်ခဲ့သော ပြစ်မှုများကို ပွင့်လင်းမြင်သာမှုရှိစွာ အမှန်တရားအတိုင်း တရားစီရင်ခြင်းမရှိပါက အပစ်ခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ထိခိုက်လာနိုင်သောကြောင့် တရားစီရင်ရေးနှင့် အဖြစ်မှန်ပေါ်ပေါက်ရေးအား ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ဆောင်ရန် မြန်မာအစိုးရနှင့် မြန်မာ့တပ်မတော်အား တောင်းဆိုပါသည်။

(၆) ထို့အပြင် တနိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်ပါအတိုင်း တပ်နေရာချထားရေး၊ နှစ်ဖက်တပ်များလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊နယ်မြေပိုင်းခြားသတ်မှတ်ရေးများ ကို အမြန်ဆုံး ဆွေးနွေးသတ်မှတ်ကြရန်နှင့် အနှစ်သာရကင်းမဲ့သော အခြေခံဖက်ဒရယ်မူ မချမှတ်နိုင်သော ၂၁ရာစု ပင်လုံညီလာခံ–ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဆွေးနွေးပွဲဖြင့် အချိန်မကုန်ရန် ကေအဲန်ယူအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ မြန်မာအစိုးရနှင့် မြန်မာ့တပ်မတော်တို့အားတောင်းဆိုပါသည်။

(၇) သို့ဖြစ်ပါ၍ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့် ငြိမ်းချမ်းရေးအားအမှန်တကယ် တည်ဆောက်နိုင်ရန် ဖြစ်စဉ်များကို အစိုးရမှ စီစစ်၊ စုံစမ်းပြီး တပ်မတော်မှ ပြစ်မှုကျူးလွန်သူများကို ပွင့်လင်းမြင်သာမှုရှိစွာတရားစီရင်ရန် မြန်မာအစိုးရနှင့် မြန်မာ့တပ်မတော် တို့အား တောင်းဆိုလိုက်ပါသည်။


ကော်မတီ
လူသားခြင်းဆိုင်ရာစာနာထောက်ထားခြင်းနှင့် ဖွံ့ဖြိုးရေးကော်မတီ
ကေအဲန်ယူ–တောင်ငူခရိုင်၊ကော်သူးလေ

ဆက်သွယ်ရန်– ၀၉၂၆၀၉၅၃၆၅၁
၀၉၇၉၇၉၂၆၂၅၀